**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

နဝမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၂.၈၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး နဝမနေ့ ၅-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ကိုယ်စားပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်တို့နှင့် ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေးတို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြု ထားသူ (၂၃)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၃၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၅)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေး တို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် က တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေး တို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးခင်အောင်မြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးကို ဂါရဝပြုပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသား စာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ်အားပေး မြှင့်တင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ အဆိုတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း ဝေးလံသီခေါင်တဲ့ ဒေသများမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား

မျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေး အတွက် ဖြစ်ပါတယ်။ ဒီအဆိုကို သာမန်အားဖြင့် ကြည့်ရင်တော့ ပညာရေးကဏ္ဍအတွက် အဆိုလို့ ထင်ရပါလိမ့်မယ်။ အမှန်တကယ်တော့ အမျိုးသားနိုင်ငံရေးဆိုင်ရာ အဆို ပြည်တွင်းငြိမ်းချမ်းရေး၊ ထာဝရခိုင်မြဲရေးဆိုင်ရာ အဆိုဖြစ်ပါတယ်။ သက်ဆိုင်ရာက လာရောက်ရှင်းလင်းတဲ့အခါမှာလည်း ပညာရေးကဏ္ဍတစ်ခုတည်း မဟုတ်ဘဲနဲ့ အမျိုးသားနိုင်ငံရေး အမြင်နဲ့ ရှင်းလင်းပေးဖို့ ကြိုတင်ပန်ကြား အပ်ပါတယ်။ ဒီအဆိုမှာ English လို အသုံးအနှုန်းပါရင်လည်း ခွင့်ပြုပေးဖို့ ကြိုတင်တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ အတူတကွ မှီတင်းနေထိုင်လျက်ရှိ ကြတဲ့ တိုင်းရင်းသား မျိုးနွယ်စု အပေါင်းဟာ နိုင်ငံရဲ့ အကျယ်အဝန်းနဲ့မမျှအောင် များပြားလှပါတယ်။ နိုင်ငံရေးသိပ္ပံ ဝေါဟာရမှာ လူမျိုးကို Nation, နိုင်ငံကို State လို့ ခေါ်ပါတယ်။ လူမျိုးနဲ့ နိုင်ငံ ဆက်သွယ်ပုံအရ နိုင်ငံများကို (၄)မျိုး၊(၄)စား ခွဲခြားပါတယ်။ (၁) Nation State လူမျိုးတစ်မျိုးတည်းနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံ၊ ဥပမာအားဖြင့် ဂျပန်၊ ပြင်သစ် ဖြစ်ပါတယ်။ (၂) State Nation နောက်မှ ပြောင်းရွှေ့လာသူများက နိုင်ငံအဖြစ် ဖွဲ့စည်းခြင်း၊ ဥပမာအားဖြင့် ဩစတြေးလျ၊ United States ဖြစ်ပါတယ်။ (၃) Part Nation State ဘာသာစကား၊ စာပေယဉ်ကျေးမှုနဲ့ ကိုးကွယ်ရာဘာသာ အတူတူပဲ ဖြစ်ပေမယ့် နိုင်ငံကွဲနေတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ဥပမာ ဂျာမဏီ၊ ဩစတြီးယား တို့ ဖြစ်ပါတယ်။ (၄) Multi Nation State နိုင်ငံတစ်ခုတည်းမှာ လူမျိုးပေါင်းစုံ နေထိုင်တဲ့နိုင်ငံ၊ ဥပမာ အိန္ဒိယ၊ United Kingdom နဲ့ မြန်မာတို့ ဖြစ်ပါတယ်။ ဒီလိုလူမျိုးပေါင်းစုံ နေထိုင်တဲ့ နိုင်ငံမှာ လူမျိုးစုများအကြား တန်းတူရည်တူရှိမှုဟာ အလွန်အရေးကြီးပါတယ်။ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်တဲ့ အဓိက အချက်လည်း ဖြစ်ပါတယ်။ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်မှုမရှိရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ဆိုတဲ့ အသံတွေ ကျယ်လာမှာ ဖြစ်ပါတယ်။ တန်းတူရည်တူရှိရင် ဒါတွေဟာ မှေးမှိန်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြေပြန့်ဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသား တွေဟာ ပညာရေး၊ ကျန်းမာရေး အခွင့်အလမ်းတွေရကြပါတယ်။ သို့သော်လည်း တောင်ပေါ်ဒေသမှာ နေတဲ့ တိုင်းရင်းသား တွေဟာ အခွင့်အလမ်းနည်းပါးနေပါတယ်။ ဒီလိုဖြစ်ရတာဟာ လမ်းပန်းဆက်သွယ်မှု ခက်ခဲလို့ ဆိုပြီးတော့ ယခင်က ကောက်ချက်ဆွဲခဲ့ကြပါတယ်။ ဒီနေ့ဆိုလို့ရှိရင်တော့ သတင်း အချက်အလက်နဲ့ နည်းပညာ မြင့်မားလာတဲ့အတွက် လမ်းပန်းဆက်သွယ်မှု အခက်အခဲတွေကို နည်းပညာနဲ့ ကျော်လွှားနိုင်ပြီဖြစ်လို့ လမ်းပန်းဆက်သွယ်မှု အခက်အခဲအပေါ် ကောက်ချက်ဆွဲခြင်းဟာ ခိုင်လုံခြင်း၊ အပြည့်အဝ မှန်ကန်ခြင်း မရှိတော့ပါဘူး။

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရဲ့ ပညာရည်ကိုကြည့်ရင် အသက်(၁၅)နှစ် နှင့်အထက် စာတတ်မြောက်မှု ရာခိုင်နှုန်း (၈၉.၅) ဖြစ်ကြောင်း သိရပါတယ်။ စာတတ်တယ် ဆိုရာမှာ သေစာ၊ ရှင်စာတတ်တယ်ဆိုတယ်လို့ပဲ ထင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အရာရှိငယ်ဘဝက ကြုံတွေ့ ခဲ့ရတဲ့ အဖြစ်အပျက်ကလေး ထည့်သွင်းတင်ပြချင်ပါတယ်။ ကျွန်တော်နဲ့ လက်တွဲခဲ့တဲ့ ဗမာ မဟုတ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုထဲက ရဲဘော်လေးတစ်ယောက်က စာမတတ်ခဲ့ပါဘူး။ တပ်ထဲရောက်မှ တပ်မတော် ပညာရေးကျောင်းကို ပို့ပြီးတော့ ပညာသင်ကြားစေတဲ့အခါမှာ "အ" သုံးလုံး အောင်လာ ပါတယ်။ စာလည်း တစ်အားကြိုးစားပါတယ်။ အမြဲတမ်း လေ့ကျင့်ပြီး ပေါင်းဖတ်ပါတယ်။ စာတတ် လာတော့ စာရေးတယ်။ စာရေးတော့ သူ့ဆီကို ပြန်စာတွေ လာပါတယ်။ တစ်ရက်ကျတော့ စာတစ်စောင်

ရောက်လာတယ်။ ဒီစာကို သူ တစ်လလုံးလုံး ဖတ်နေတာ၊ နားမလည်တဲ့အခါမှာ သူ ကျွန်တော်ကို စာလုံးတစ်လုံး လာမေးပါတယ်။ ဗိုလ်ကြီး "အ" ရယ်၊ နငယ်လုံးကြီးတင်ရယ်၊ မျက်လုံးပြူးပြူးနဲ့ နှစ်ကောင်က တစ်ကောင်ပေါ် တစ်ကောင်တက်ခွ နေတာရယ်၊ အဲဒါဘာလဲလို့ မေးတာ။ ကျွန်တော်လည်း သူပြောတာနားမလည်တော့ မင်းစာလေး ကြည့်လို့ရမလား ဆို ကြည်တော့ ဒီ "အ" ရယ်၊ နငယ်လုံးကြီး တင်ရယ်၊ မျက်လုံးပြူးပြူးနှစ်ကောင် တက်ခွနေတာရယ် အနိစ္စ ဖြစ်နေတယ်။ ဟာ ဒါ အနိစ္စ ပဲ။ အနိစ္စဆိုတာ ဘာလဲကွဆိုတော့ အနိစ္စဆိုတာ သေတာ။ ဟာ ဗိုလ်ကြီးလုပ်မှပဲကွာ ငါ့အမေ သေပါပြီဆိုပြီး အော်ငိုပါလေရော၊ ဒီစာကို ကျန်တဲ့သူတွေက ဖတ်မပေးဘူးပေ့ါနော်၊ ကျွန်တော်ကတော့ စာအပြည့်အစုံ မဖတ်တဲ့အခါကျတော့ သူ စိတ်မကောင်း ဖြစ်မှာကို မစဉ်းစားဘဲနဲ့ ဘာသာပြန်ပေးလိုက်မိတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ရဲဘော်က ဆိုလိုချင်တာကတော့ ဒီစာမတတ်သူစာရင်းကတော့ လွတ်သွားပြီ ဖြစ်ပါတယ်။ သို့သော် တကယ်တမ်း စာတတ်တဲ့ စာရင်းထဲကို ဝင်ပြီလားဆိုတော့ မဝင်သေးတဲ့ အနေအထားပါပဲ။

၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ (၅)နှစ်အထက် လူဦးရေ (၄၅,၈၀၇,၇၇၀) အနက် အတန်းမရှိတာ (၆၄၆၈၈၀၇)၊ မူလတန်းပညာက (၂၀၆၉၂၆၀၉)၊ အလယ်တန်း(၉၉၁၆၂၆၁)၊ အထက် တန်း(၄၆၉၉၇၈၁)၊ ဒီပလိုမာ (၁၁၅၀၀၂)၊ တက္ကသိုလ်၊ ကောလိပ်(၃၂၂၆၉၆၆)၊ ဘွဲ့လွန်နဲ့ အထက် (၁၃၄၅၈၅)၊ အသက်မွေးဝမ်းကျောင်းသင်တန်း(၆၀၂၇၀)၊ အခြား(၄၉၃၄၈၉)ဖြစ်ကြောင်း သိရှိရပါတယ်။ အတန်းမရှိ (၆)သန်းခွဲခန့်နဲ့ အခြား(၅)သိန်းခန့် ရှိနေပြီးတော့ ဘွဲ့လွန်နဲ့အထက်ကျတော့ (၀.၃)ရာခိုင်နှုန်း ခန့်သာ ရှိနေတာကို ကြည့်ခြင်းအားဖြင့် (၈၉.၅)ဆိုတာ စာတတ်မြောက်မှု ရာခိုင်နှုန်း လို့ ဆိုရမှာထက် စာမတတ်သူပပျောက်တဲ့ ရာခိုင်နှုန်းသာ ဖြစ်ပြီးတော့ စာတတ်သူ ရာခိုင်နှုန်း မဟုတ်ဘူးလို့ ပြောနိုင် ပါတယ်။ ဒီနေရာမှာ ဘွဲ့ကြီးတွေ တစ်သီကြီးရလို့ ပညာတတ်တယ်၊ စာတတ်တယ် လို့ ဆိုလိုတာတော့ မဟုတ်ပါဘူး။ အဲဒီတော့ မြန်မာနိုင်ငံ ခေတ်နောက်ကျနေတယ်လို့ ပြောပါတယ်။ ဒီ ခေတ်နောက်ကျ တယ်ဆိုတာ ဘာကိုနောက်ကျတာလဲဆိုတော့ ပညာချို့တဲ့တာပဲ ဖြစ်ပါတယ်။

ပညာဆိုတဲ့ အဓိပ္ပာယ် အမျိုးမျိုးဖွင့်လို့ရပါတယ်။ "ပ" အထူးထူးအပြားပြား။ "ညာ" သိခြင်း၊ ဒီလိုလည်း ဖွင့်ပါတယ်။ ပညာကို အမောဟလို့လည်း ဖွင့်ပါတယ်။ "မောဟ" မောဟဆိုသည်မှာ အမှားကို အမှားမှန်းမသိ၊ အမှန်ကို အမှန်မှန်းမသိ။ "အမောဟ" ကျတော့ အမှန်ကို အမှန်အတိုင်း သိတယ်။ အမှားကို အမှားအတိုင်းသိတယ်။ ဒီလို ပညာ ရဖို့အတွက် သင်ညာ ကနေ စရတာဖြစ်ပါတယ်။ ဆရာ သင်ပေးတဲ့ အရေး၊ အဖတ်၊ အတွက် တတ်လာတဲ့အခါမှာ စာဖတ်ရမယ်။ စာထဲကနေ သင်ခန်းစာ ထုတ်ယူတတ်ရမယ်။ ဘဝအသိကို ရရမယ်။ ဒါ့အပြင် စာအုပ်ကို ကျော်လွန်ပြီးတော့ လောကအမြင်ကို ရှာဖွေတတ်ရမှာ ဖြစ်ပါတယ်။ ဝါသနာပါတဲ့ သူတွေက အတွက်ပညာနဲ့ အသိပညာ ပေါင်းပြီး အတတ်ပညာကို ရှာဖွေရမယ်။ အသိဉာဏ် ဖြိုးမောက်လျှံကျလာတဲ့အခါမှာ စာရေးခြင်း၊ ကျမ်းပြုခြင်း၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်ခြင်းကို ရောက်မှာဖြစ်ပါတယ်။

အဲဒီတော့ ပညာကို လူတချို့ပဲ တတ်လို့ မရပါဘူး။ ပညာတတ်တွေများမှ လူ့စွမ်းအားအရင်း အမြစ်တွေ ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဝေးလံသီခေါင်တဲ့ဒေသတွေကို ကောက်သင်းကောက် ပညာ သင်ပေးဖို့ လိုပါတယ်။ လူတိုင်း ပညာသင်ယူမှု အခွင့်အလမ်း ရရှိဖို့လိုပါတယ်။ တိုင်းရင်းသား မျိုးနွယ်စုတွေအနက် တချို့မှာ ကိုယ်ပိုင်အက္ခရာ ရှိပါတယ်။ အက္ခရာ ဆိုတာ ပါဠိစကားဖြစ်ပြီးတော့မှ

မကုန်ဆုံးနိုင်တဲ့အရာလို့လည်း ဒီလိုအမိပ္ပာယ်ဖွင့်ပါတယ်။ အက္ခရာ ရှိသော်လည်း ဖတ်စရာစာမရှိလို့ရှိရင် ဒီအက္ခရာက အကျိုးကျေးဇူးမများလှဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ဘာသာပြန်လုပ်ငန်းကို အားပေးမြှင့်တင်ဖို့ လိုပါတယ်။ တိုင်းရင်းသားဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ ပါဝင်တဲ့ အဘိဓာန်များ ပြုစုခြင်း၊ စွယ်စုံကျမ်းများ ပြုစုခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စာပေမှာ အကျယ်အဝန်း ရှိပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုရဲ့ စာပေထက် တစ်နိုင်ငံလုံးသုံးတဲ့ မြန်မာစာပေက လည်းကောင်း၊ မြန်မာစာပေထက် ကမ္ဘာသုံးဖြစ်တဲ့ အင်္ဂလိပ်စာပေကလည်းကောင်း ပိုပြီးကျယ်ပါတယ်။ ကိုယ့်လူမျိုးရဲ့ စာပေကို ထိန်းသိမ်းမြှင့်တင်ရမှာ မှန်ပေမယ့် သူတစ်ခုတည်း လိုက်စားရင်တော့ ကျဉ်းတူးပြီး ဝင်ထိုင်နေတာနဲ့ အတူတူ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဘာသာပြန်လုပ်ငန်းနဲ့ ခြေဆန့်ဖို့ လိုတယ်။ ဒီနေရာမှာ အလိမ္မာစာမှာရှိလို့ ဆိုတဲ့စကား ရှိသော်ငြားလည်း မလိမ္မာတာတွေလည်း စာမှာ ရှိပါတယ်။ ဒါကြောင့် အဆိပ်အတောက်ကင်းစင်တဲ့ စာပေပြန့်ပွားရေးကို ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အထူးသဖြင့် နယ်စပ်ဒေသတွေဟာ နိုင်ငံတော် လုံခြုံရေးအတွက် အရေးကြီးပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ လွှမ်းမိုးမှုကိုခံရခြင်းဟာ မိမိနိုင်ငံရဲ့လုံခြုံရေးကို တစိမ့်စိမ့်ထိပါးနေခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

မြန်မာ့နိုင်ငံရေးမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ အဓိကထားရမယ့် အမျိုးသားရေး ဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ဆန့်ကျင်မှုတွေ ပေါ်ပေါက်လာတာ ယနေ့တိုင် အဖြေရှာဆဲဖြစ်တယ်။ တက်လာတဲ့ အစိုးရအဆက်ဆက်ကလည်း သော့ချက်ဖြစ်တဲ့ ဒီကိစ္စနဲ့ပဲ လုံးပန်းနေကြရတာ ဖြစ်ပါတယ်။ ယနေ့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်မှုများ အောင်မြင်သွားပြီဆိုပါစို့ စက္ကူပေါ်မှာ သဘောတူညီချက်တွေရေးပြီး မင်နဲ့ နှစ်ဖက်လက်မှတ်ရေးထိုးကြမယ်။ ဒီစာချုပ်ကြောင့် အနာဂတ်မှာ လက်နက်ကိုင်လမ်းစဉ်တွေ ပေါ်ပေါက်နိုင်ခြင်း မရှိတော့လို့ အာမခံနိုင်ခြင်းမရှိပါဘူး။ ယခုလက်မှတ်ထိုးတာ ယခုလူတွေနဲ့သာ ဖြစ်ပါတယ်။ အနာဂတ်လူတွေ လက်ထက်မှာ သဘောထားပြောင်းချင်လည်း ပြောင်းပါလိမ့်ဦးမယ်။ ဒါကြောင့် တိုင်းရင်းသား အချင်းချင်းကြားမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဒီမိုကရေစီစနစ်ကို မြတ်နိုးတဲ့စိတ်တို့နဲ့ စည်းလုံးညီညွတ်မှုသာ မြန်မာနိုင်ငံမှာ လက်နက်ကိုင်ဆန့်ကျင်တတ်တဲ့ အလေ့အကျင့်တွေ ပပျောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အထူးပြုပြီး ပြောကြားလိုတာကတော့ အသိဉာဏ်ပညာသည်သာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မြဲမှုအတွက် အဓိကသော့ချက်လို့ ကျွန်တော်တင်ပြလိုပါတယ်။

တောင်ပေါ်နေ တိုင်းရင်းသားတို့ဟာ ဝေးလံခေါင်သီတဲ့အရပ်ဒေသ၊ တောကြိုအုံကြားတို့မှာ ဟိုတစ်စု၊ ဒီတစ်စု နေထိုင်လျက်ရှိကြပါတယ်။ တောင်ယာလုပ်ရင်း ရွာဖြစ်လာတာ ဖြစ်တဲ့အတွက် အိမ်ခြေနဲ့ လူဦးရေလည်း မများလှဘူး။ ကျောင်းတည်ထောင်ပေးလို့လည်း မဖြစ်။ ဆရာခန့်ပြီး ရပ်ရွာအခြေပြု ပညာရေး ဆောင်ရွက်လို့လည်း မဖြစ်။ အဲဒီတော့ ကျောင်းနေအရွယ်ကလေးတစ်ဦး ပညာသင်ခွင့်မရရင် သူက ပေါက်ဖွားလာတဲ့ ကလေးတွေလည်း အလားတူ ဖြစ်သွားနိုင်ပါတယ်။ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် စသည်ဖြင့် တက္ကသိုလ်တွေ၊ ကောလိပ်တွေ ဖွင့်ပေးသော်လည်း ကောက်သင်းကောက် ပညာသင်ကြားနိုင်တဲ့ အခွင့်အရေး ပညာသင်ယူနိုင်ရန် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် မဖွံ့ဖြိုးသေးတဲ့ ဒေသများအတွက် အထူးစီမံကိန်းတစ်ရပ် ဆောင်ရွက်ဖို့ ဒီအဆိုက တင်ပြခြင်း ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန က ကြီးကြပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းပါဝင်တဲ့ ပညာရေးကဏ္ဍ ဦးစားပေးတဲ့ Radio Station ထူထောင်ပြီးတော့ စာသင်ချင်အောင် လှုံ့ဆော်ခြင်း၊ စာသင်ပေးခြင်း၊ ဘာသာပြန်ဆောင်းပါးများ ထုတ်လွှင့်ပေးခြင်းနဲ့ တောင်ပေါ်ဒေသများအတွက် မူလတန်းအဆင့် အဝေးသင်ပညာရေးကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးဖို့ လိုတယ်လို့ ယူဆပါတယ်။ ဒါဟာ တွေးတောကြံဆချက်တစ်ရပ်သာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့ရယ်လို့ အတိအကျ မဟုတ်ပါဘူး။ ပညာရှင်တွေဟာ ကျွန်တော့်ထက် နည်းလမ်းများကို သိမြင်ပါလိမ့်မယ်။ ပညာရေးမှာ ထောင်လိုက် အလျားလိုက် ထောင့်စေ့အောင် နည်းလမ်းရှာကြံကြဖို့ လိုပါတယ်။

ပြီးခဲ့တဲ့ လွှတ်တော်တုန်းက ကျွန်တော်တို့ ပထမအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ဒါ ချင်းလွှတ်တော်လို့ ပြောရလောက်အောင် ချင်းတိုင်းရင်းသားတွေ တောင်းဆိုချက်တွေ ရှိပါတယ်။ အဲဒီတော့ ချင်းပြည်နယ်မှာ တက္ကသိုလ်တစ်ခု တောင်းပါတယ်။ အဆိုရဲ့ ပထမပိုင်းက ချင်းပြည်နယ်မှာ တက္ကသိုလ်တစ်ခုပေးဖို့၊ ဒုတိယပိုင်းမှာ ဟားခါးမှာ ပေးဖို့ဆိုတော့ ကျန်တဲ့ ချင်းတိုင်းရင်းသား တစ်ယောက်က ကန့်ကွက်ပါတယ်။ ပထမပိုင်းကို ထောက်ခံတယ်။ ချင်းပြည်နယ်မှာ တက္ကသိုလ်တစ်ခု ပေးပါ။ သို့သော် ဟားခါးမှာကို ကန့်ကွက်ပြီး ဖလမ်းမှာပေးပါ ဆိုပြီးတော့ ငြင်းကြတယ်။ အဲဒီတော့ ငြင်းကြတော့ ကြားထဲကနေပြီးတော့ ကလေးတက္ကသိုလ်က ချင်းပြည်နယ်အတွက် ဖြစ်ပါတယ် ဆိုပြီးတော့ ဒီလိုပဲ အဖြေပေးသွားတာရှိပါတယ်။ တကယ်တော့ ဟားခါး၊ ဖလမ်း၊ တီးတိန် က ကလေးကို ကျောင်းသွား တက်ရတယ်ဆိုတာက သိပ်ကုန်ကျစရိတ်ရှိပါတယ်။ သိပ်အဆင်မပြေပါဘူး။ ဒါ့အပြင် နောက်ထပ် သတိရလို့ ပြန်တင်ပြရင်တော့ ချင်းပြည်နယ်မှာ ဆယ်တန်းအောင်ချက်နှုန်းတွေ အလွန်နည်းနေပါတယ်။ ဒါကို အဖြေရှာဆောင်ရွက်ပေးပါလို့ တင်ပြတာရှိပါတယ်။ တင်ပြတော့ ချင်းတိုင်းရင်းသားတွေလည်း ဂုဏ်ထူးတွေ ပါတာပဲ။ ဒီလိုပြန်ဖြေတယ်။ ဂုဏ်ထူးတွေ ပါတာက မန္တလေးတို့၊ ရန်ကုန်တို့မှာ ကျောင်းသွားနေတဲ့ ကလေးတွေ ဂုဏ်ထူးရတာ။ ချင်းပြည်နယ်က ကျောင်းမှာ တက်တဲ့ကလေးတွေ ဂုဏ်ထူးမရဘူး ဆိုပြီး ကျွန်တော် မနေနိုင်မထိုင်နိုင်နဲ့ ကြားထဲကနေ ဒါ ဝင်ပြီး ပြောလိုက်ရတာရှိပါတယ်။

လွန်ခဲ့တဲ့ (၁၀)နှစ် ကျော်လောက်က ချင်းပြည်နယ်၊ ရေဇွာကို ကျွန်တော် ရောက်တဲ့အချိန်မှာ အထက်တန်းကျောင်းရဲ့ ဆိုင်းဘုတ်မှာ ဤကျောင်းကို ၁၉၂၂ ခုနှစ်တွင် တည်ထောင်သည် ဆိုပြီးတော့ ဂုဏ်ယူစွာနဲ့ ကမ္ပည်းထိုးထားတာ တွေ့ရပါတယ်။ အဲဒီတော့ သမိုင်းဖတ်ထားတဲ့အတွက် ဒါဟာ ဦးဝမ်းသူမောင်ရဲ့ လက်ချက်ပဲဆိုတာ ကျွန်တော် အတတ်သိလိုက်ပါတယ်။ ဘာကြောင့်လဲဆိုရင် ၁၉၂၀ ခုနှစ်၊ တက္ကသိုလ်ကျောင်းသားသပိတ်မှာ ချင်းကျောင်းသားတွေပါတဲ့အတွက် British အစိုးရက နေပြီးတော့ ချင်းတောင်မှာ မြန်မာစာမသင်ရ၊ ဗမာစာမသင်ရ ဆိုပြီးတော့ ကန့်သတ်လိုက်တာ ဖြစ်ပါတယ်။ ဒါကိုဆန့်ကျင်တဲ့ အနေနဲ့ ဦးဝမ်းသူမောင် က ချင်းတောင်မှာ မြန်မာစာသင်ကြားရေးနဲ့ မြန်မာစာပေပြန့်ပွားရေးအတွက် စည်းရုံးလှုပ်ရှားခဲ့ခြင်း ဖြစ်ပါတယ်။ အလွန်အမြော်အမြင် ကြီးမားပြီး တော့ အလွန်အားကျလေးစားဖို့ ကောင်းတဲ့၊ လေးစားရတဲ့ ချင်းခေါင်းဆောင်ကြီး တစ်ယောက် ဖြစ်ပါတယ်။

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)ရှိတဲ့ “ဝ”ဒေသ ပန်ဆန်းကို ကျွန်တော် အလည်အပတ် ရောက်ခဲ့ပါတယ်။ ဒုဥက္ကဋ္ဌများဖြစ်တဲ့ ဦးရှောက်မင်လျှံ၊ ဦးကျောက်ဝမ်ကွမ်း၊ ဦးပေါ်လိုက်ခမ်း တို့နဲ့ တွေ့တဲ့အခါမှာ "ဝ" ခေါင်းဆောင်တွေရဲ့ ပထမဦးဆုံး

တင်ပြချက်က “ဝ” ဒေသ ပညာရေး ဖြစ်နေတာကို အံ့သြဝမ်းသာစွာ တွေ့ရပါတယ်။ အဲဒီတော့ မြန်မာ ကျောင်းသုံးစာအုပ် နဲ့ စာရေးကိရိယာများ တောင်းခံတဲ့အတွက် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ ၂၂ မှာ ထပ်မံ သွားရောက်ပြီးတော့ ကျွန်တော် လှူဒါန်းခဲ့ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်များရဲ့ အမြော်အမြင် ကြီးမားကြတာကို ရွေးချယ်ကောက်နုတ်ပြီးတော့ မှတ်တမ်းတင်ပြောကြားခြင်းသာ ဖြစ်ပါတယ်။ တိုင်းရင်းသားစာပေနဲ့ ပတ်သက်ပြီး ကွဲပြားမှုများလွန်းရင်လည်း မသင့်လျော်ပါဘူး။

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂ အရ နိုင်ငံတော်သည် တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မယ် ဆိုတဲ့အတိုင်း မူလတန်းအဆင့်အထိ တိုင်းရင်းသားစာပေများ သင်ကြားခွင့်ရရေး ကို အမျိုးသားလွှတ်တော်က ကြိုးပမ်းခဲ့ပါတယ်။ ဥပဒေအရ သင်ကြားခွင့်ရတဲ့ နောက် ချင်းပြည်နယ် မှာ(၅၃)မျိုး ကွဲပြားနေတယ်လို့ သိရပါတယ်။ လူမျိုးကွဲတယ်ဆိုတာ ဘာသာစကားကို အခြေခံပြော နေတာဖြစ်ပြီး အမှန်ကတော့ လူမျိုးတစ်မျိုးတည်းပဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း ကြောင့် အပြောစကားတွေ ကွဲပြားသွားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ စည်းလုံးညီညွတ်တဲ့ အမျိုးသားစိတ်ဓာတ်ရှိဖို့ သွေးကွဲရင် အင်အားချိနဲ့မယ်။ အားလုံးလက်ခံနိုင်တဲ့ Common Language တစ်ခု ညှိနှိုင်းအတည်ပြုဖို့ လိုပါတယ်။ ဒီလိုအတည်ပြုနိုင်ပြီလို့ ကြားရတဲ့အတွက် ဝမ်းသာပါတယ်။ နိဂုံးချုပ်အားဖြင့် အသိဉာဏ်ပညာသည်သာ လူသားတို့ရင်ဆိုင်နေရတဲ့ ပြဿနာအရပ်ရပ်အတွက် အဓိကသော့ချက်လို့ တင်ပြချင်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံး လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ပညာသင်မှု အခွင့်အလမ်းကို တန်းတူညီတူ ရကြပါစေလို့ ဆန္ဒပြုရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်အောင်မြင့် ၏ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့် ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်း ချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဂျေယောဝူ မှ ထောက်ခံအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်အောင်မြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခင်အောင်မြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးခင်အောင်မြင့် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ် ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီး ရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေး ပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါ

ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ ယနေ့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာရှိတဲ့ နေ့တစ်နေ့ဖြစ်ပါစေလို့ ဂါရဝပြုပြီးနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း မဲဆန္ဒနယ် အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ အဆိုဟာ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားတွေအတွက် အမှန်တကယ်ကို လိုအပ်နေတဲ့ အကြောင်းအရာတွေ နိုင်ငံသားတွေကို ဒုက္ခအခက်အခဲတွေ တွေ့နေစေတဲ့ အကြောင်းအရာတွေကို ကာကွယ်ပေးဖို့၊ ဖြည့်ဆည်းပေးဖို့၊ စောင့်ရှောက်ပေးဖို့ လိုအပ်တယ်ဆိုတဲ့ စေတနာအရင်းခံပြီးတော့ တင်သွင်းလာတဲ့ အဆိုဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ စေတနာကို လေးစားအသိအမှတ် ပြုရမှာဖြစ်ပါတယ်။ သို့ပေမယ့် လည်း ဒီရေကြီးရေလျှံကိစ္စ၊ သောက်သုံးရေရှားပါး ပြတ်လပ်တဲ့ကိစ္စနဲ့ မြစ်ကော၊ ချောင်းကောတွေ ပြန်လည်တူးဖော်ရမယ့် ကိစ္စဆိုတဲ့ အကြောင်းအရာကြီး (၃)မျိုးဖြစ်နေတဲ့အပြင် ပတ်သက်နေတဲ့ ကျွန်တော်တို့ မြစ်ချောင်းအရေအတွက် အကျိုးသက်ရောက်နေတဲ့ မြို့၊ ရွာအရေအတွက်နဲ့ ဒီအကျိုး သက်ရောက်မှုကိုခံစားနေရတဲ့ လူဦးရေအရေအတွက် နောက်တစ်ခါဆောင်ရွက်စေလိုတဲ့ နည်းလမ်း ပြီးရင် ခန့်မှန်းပြီးတွက်ချက်နိုင်မယ့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ လုံးဝမပါရှိတဲ့အတွက် လက်ရှိ ဒီအစိုးရအနေနဲ့ ဘယ်ဟာတွေကို ဘယ်မြစ်ချောင်းတွေကို ဘယ်လောက်အထိလုပ်ရမယ်။ မြစ်ချောင်းတွေဟာ ဘယ်လောက်တောင် ရှိနေတယ်။ နောက်တစ်ခါ ဘယ်လိုလုပ်ရမယ်။ ဘယ်လောက် ကုန်ကျနိုင်မယ်ဆိုတာ ဘယ်လိုမှကိုခန့်မှန်းဖို့ အင်မတန်ခက်ခဲပြီး မသိနိုင်တဲ့ အခြေအနေမျိုး ဖြစ်တယ် ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ အစိုးရနေရာက နေပြီးတော့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ စဉ်းစား ကြည့်မယ်ဆိုရင် အင်မတန်ခက်ခဲနိုင်မယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီအဆိုသာ လွှတ်တော်ကနေပြီးတော့ အတည်ပြုခဲ့ရင် နိုင်ငံတော်အစိုးရအတွက် မရေရာတဲ့အချက်အလက် များကြောင့် ဒီလုပ်ငန်းတွေကို အောင်မြင်ရန်မဆိုထားနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အတွက်ကို အလွန်ခက်ခဲနေမယ်ဆိုတာ အင်မတန် မြင်သာထင်ရှားနေတယ်လို့ တင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဘက်ကနေပြီးတော့ အဆိုတစ်ရပ်ကို အတည်ပြုခြင်းဟာ ကျွန်တော်တို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ အစိုးရကို တာဝန် တစ်ရပ်ပေးအပ်ခြင်း ဖြစ်ပါတယ်။ အစိုးရမှာ မူလရှိနေတဲ့ တာဝန်အပြင် တာဝန်အသစ်တစ်ရပ်ကို လွှတ်တော်ကနေ ပြည်သူတွေကိုယ်စား ပေးအပ်ခြင်းဆိုတဲ့ သဘောဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဘယ်လိုတာဝန်မျိုးကို အစိုးရကို ပေးအပ်သင့်သလဲ။ ပေးအပ်နိုင်မလဲဆိုတာကိုတော့ ထည့်သွင်း စဉ်စားပြီးတော့ လေးလေးနက်နက် သုံးသပ်ကြဖို့လိုပါတယ်။ ကျွန်တော်တို့ အစိုးရကို တာဝန်တစ်ရပ် ပေးအပ်ခြင်းဆိုတဲ့နေရာမှာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒီလိုမလွယ်ကူတဲ့ အဆိုမျိုးကို မတော်တဆပဲဖြစ်စေ၊ တမင်တကာပဲဖြစ်စေ ပြုလုပ်ခဲ့ရင် ဒါဟာအစိုးရကို အကျပ်အတည်းဖြစ်အောင်

ပြုလုပ်ရာ ရောက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် အစိုးရဘက်ကလည်း အကောင်အထည်ဖော်ဆောင်ရွက်၍ မရကောင်းမှန်းသိရက်နဲ့ ဒီလိုအဆိုကို ပြုရကောင်းလားဆိုပြီးတော့လည်း လွှတ်တော်ကို ပြန်လည်ပြီးတော့ အပြစ်တင်ဖွယ်ဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်လို့ မဖြစ်နိုင်တဲ့ အဆိုတစ်ရပ်အတွက် လွှတ်တော်ရော၊ အစိုးရပါ ဂုဏ်သိက္ခာထိခိုက်နိုင်ပါတယ်။ ပြည်သူလူထုရော ကမ္ဘာနိုင်ငံများရဲ့ အမြင်မှာရော ကျွန်တော်တို့လွှတ်တော်ကို၊ အစိုးရကို ကျွန်တော်တို့အထင်သေးခြင်း ခံရနိုင်ဖွယ်ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့ ပထမအကြိမ် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီး ပထမအကြိမ် ကျွန်တော်တို့ ဒီ ၂၀၁၀ ရွေးကောက်ပွဲအရ ဖြစ်ပေါ်လာတဲ့ ဒီလွှတ်တော်ကြီးမှာ ကျွန်တော်တို့ ဖြစ်ခဲ့ဖူးတဲ့ သာဓကတစ်ခုကို သင်ခန်းစာယူဖို့ နမူနာ တင်ပြလိုပါတယ်။ အမျိုးသား လွှတ်တော်တော့ မဟုတ်ပါဘူးခင်ဗျ။ ဒီပြည်ထောင်စုအဆင့် လွှတ်တော်ကြီး တစ်ခုမှာ ကျွန်တော်တို့ ဖြစ်ခဲ့တာပါ။ ဘယ်လိုဖြစ်ခဲ့တာလည်းဆိုတော့ အဲဒီမှာအဆိုတစ်ရပ်ကို တင်သွင်းခဲ့ပါတယ်။ ဥပဒေ တစ်ရပ် ပြဋ္ဌာန်းပြီးတာနဲ့ ရက်(၉၀)အတွင်း နည်းဥပဒေကို ပြဋ္ဌာန်းရမယ်ဆိုပြီးတော့ အဆိုတစ်ရပ် တင်သွင်းလာပါတယ်။ အဲဒီအခါမှာ ဒီနေ့ ရှေ့နေချုပ်ဖြစ်နေတဲ့ အဲဒီတုန်းကတော့ ဒုတိယရှေ့နေချုပ် ဖြစ်နေတဲ့ ဦးထွန်းထွန်းဦးက နေပြီးတော့ အဲဒီလွှတ်တော်မှာ လာရောက်ပြီးတော့ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဥပဒေတိုင်းဟာ နည်းဥပဒေမလိုအပ်တဲ့အကြောင်း၊ နည်းဥပဒေဆိုတာလည်း ဥပဒေကို ကျင့်သုံးပြီးတော့မှ တွေ့မြင်လာတဲ့ အကြောင်းအရာတွေပေါ် မူတည်ပြီးတော့ နည်းဥပဒေတွေကို ရေးဆွဲရတဲ့အကြောင်း အဲဒါကြောင့်မို့လို့ ရက်(၉၀)အတွင်း နည်းဥပဒေဆွဲရမယ်လို့ လွှတ်တော်က အတည်ပြုတာဟာ မသင့်တော်တဲ့အတွက် မပြုလုပ်ဖို့ ကျွန်တော်တို့ တင်ပြခဲ့ပေမယ့်လည်း အဲဒီအချိန် တုန်းက ဒါသည် ပြည်သူလူထုအကျိုးအတွက်ပဲလို့ ဆိုပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကြီးက အဲဒီ အဆိုကို အတည်ပြုခဲ့ပါတယ်။ အတည်ပြုပြီးတာ အခုဆို နှစ်နဲ့ချီကြာခဲ့ပြီဖြစ်ပေမယ့် အဲဒီအချိန် ကတည်းက ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဟာ ဒီနေ့ထိ နည်းဥပဒေကိုမရှိတဲ့ ဥပဒေတွေအများကြီး ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါဟာဖြင့် လွှတ်တော်ကနေ အဆိုတစ်ရပ်ကို မဖြစ်နိုင်မှန်းမသိလို့ပဲဖြစ်ဖြစ်၊ သိလို့ပဲဖြစ်ဖြစ်၊ တင်ပြီးလို့ အဆိုတစ်ရပ်ဖြစ်လာပြီဆိုရင် မဆောင်ရွက်နိုင်ခြင်းဟာဖြင့် အစိုးရအတွက်လည်း မကောင်းဘူး။ လွှတ်တော်အတွက်လည်း ဂုဏ်သိက္ခာထိခိုက်ဖွယ်ရာဖြစ်တယ်ဆိုတာကို လေးလေးစားစား စဉ်းစားကြဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကြောင့်မိုလို့ အဆိုတစ်ရပ်ဟာ ပြည်သူတွေအတွက် အလွန်ပင် ကောင်းမွန်သော်ငြားလည်း အခုအဆိုကဲ့သို့ လက်တွေ့အကောင်အထည်ဖော်ဖို့ မရေရာတဲ့ အခြေအနေ မျိုးမှာဆိုရင် ဒီအဆိုမျိုးကို မှတ်တမ်းအဖြစ်သာထားရှိရန် သင့်တော်မှာဖြစ်ပါကြောင်း ရိုသေစွာ ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြလိုပါတယ်။ အမှန်တကယ် ရေကြီးရေလျှံနေတဲ့ကိစ္စ၊ ရေပြတ်လပ်တဲ့ကိစ္စ၊ မြစ်ကော၊ ချောင်းကောတူးဖော်ရေးကိစ္စဟာ အင်မတန်ကြီးလေးတဲ့ကိစ္စ တစ်ခုချင်းဖြစ်ပါတယ်။ ကိစ္စ တစ်ခုချင်းဟာ ကြီးလေးကျယ်ပြန့်လာတာကြောင့် ကိစ္စတစ်ခုချင်းကို ခွဲခြားပြီးတော့ တစ်ခုချင်းတင်ပြ မယ်ဆိုရင်တောင်မှ ကျွန်တော်တို့ အဲဒီတစ်ခုချင်းရဲ့တိကျတဲ့ အရေအတွက်၊ တိကျတဲ့ သက်ရောက်တဲ့ ခန့်မှန်းမြို့ရွာ၊ လူဦးရေ အချက်အလက်တွေ လိုပါတယ်။

အဲဒီအပြင် ဘယ်လိုဆောင်ရွက်ရမယ့်နည်းလမ်း၊ ပြီးရင်ကုန်ကျနိုင်မယ့် ခန့်မှန်းတွက်ချက်နိုင်တဲ့ အချက်အလက်တွေပြည့်ပြည့်စုံစုံ တင်ပြမှသာလျှင် ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို တင်ပြနိုင်ဖို့အတွက် ပထမ ကနဦးအနေနဲ့ ကြယ်ပွင့်ပြမေးခွန်းမေးပြီး သိရမှသာလျှင် အဆိုတင်မယ်ဆိုရင် ပိုမိုသင့်လျော်မှန်ကန်မယ်လို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့ကို ပြည်သူလူထုဆန္ဒနဲ့အညီ ထားရှိရမယ့် ကျွန်တော်တို့ ရပ်တည်ချက်နဲ့ မူဝါဒဆိုင်ရာကိစ္စတွေဖြစ်တဲ့ မူးယစ်ဆေးဝါးဆန့်ကျင်ခြင်းအဆို၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဆို၊ ဆင်းရဲမွဲတေမှုလျှော့ချရေးအဆို၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး အဆိုတွေဟာ အခုအဆိုကဲ့သို့ လက်ငင်းလုပ်ဆောင်ရမယ့်အဆိုမျိုး မဟုတ်တဲ့အတွက် ဒီအဆိုမျိုးနဲ့တော့ တူညီမှုမရှိပါဘူး။ ဒါကြောင့်မို့လို့ အဲဒီအဆိုမျိုးနဲ့တော့ နှိုင်းယှဉ်ပြီးတော့ ပြောလို့မရနိုင်ပါဘူးဆိုတာကိုတော့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ အဆိုရှင်ရဲ့ အဆိုဟာ နိုင်ငံသားများအပေါ်မှာ အင်မတန်ကောင်းမြတ်တဲ့ စေတနာနှင့် ပြုလုပ်ခြင်း ဖြစ်ပါသော်လည်း အထက်မှာဖော်ပြထားသလိုပဲ ပြည့်စုံမှုမရှိဘူး။ အကောင်အထည်ဖော်ဖို့အတွက် အခက်အခဲဖြစ်နိုင်တဲ့ အဆိုမျိုးဖြစ်တဲ့အတွက် ဒီအဆိုကို မှတ်တမ်းတင်ထားရှိရန်သာ သင့်လျော်ပါကြောင်း ရိုသေစွာ၊ လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဗိုလ်မှူးဇော်ထွန်း၊(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး တင်သွင်းသော အဆိုကိုအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးတင်ပြမှုကို power point သုံးစွဲခွင့်ပြုနိုင်ပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကတော့ ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားနေတဲ့နေရာတွေကို မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများလို့ ဖော်ပြထားပါတယ်။တကယ်တော့ ၎င်းဒေသများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အထက်ပိုင်းဒေသများအပါအဝင် နေရာအနှံ့အပြားပါ ဖြစ်ပွားနေတာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လဝန်းကျင်က မြန်မာနိုင်ငံအထက်ပိုင်းဖြစ်တဲ့ ကလေးမြို့နဲ့ အလယ်ပိုင်းဒေသ ပခုက္ကူများမှာ ရေကြီးမှု၊ သဘာဝဘေးအန္တရာယ်များကို ကြီးလေးစွာရင်ဆိုင်ခဲ့ရပါတယ်။ ရေကြီးရေလျှံမှုများကြောင့် ၂၀၁၅ ခုနှစ်အတွင်း လူသေဆုံးမှု(၄၇)ဦး၊ ရေဘေးသင့်ပြည်သူ(၂၄၀၀၀၀)ကျော်အထိ ရှိခဲ့ကြောင်း သိရှိရပါတယ်။ ထို့အတူ လမ်းတံတား၊ လယ်ယာမြေ၊ မွေးမြူရေးခြံ၊ ငါးကန်၊ ပုစွန်ကန်များနဲ့ အဆောက်အဦများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရပါတယ်။ ဒီဆုံးရှုံးမှုပမာဏဟာ ကျွန်တော်တို့ နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ အလွန်များပြားတဲ့ ကိန်းဂဏန်း အချက်အလက်များဖြစ်ပါတယ်။ ကျေးလက်နေ လူဦးရေများပြားပြီး စိုက်ပျိုးရေးကို အားထားနေရတဲ့ နိုင်ငံသူ၊

နိုင်ငံသားများအတွက်သာမက တစ်နိုင်ငံလုံးရဲ့ စီးပွားရေး၊ လူမှုရေးအကျိုးစီးပွားများ နစ်နာ ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဘေးအန္တရာယ်များအပါအဝင် သဘာဝဘေး အန္တရာယ်များ ဖြစ်ပွားနေချိန်မှာ တပ်မတော်အနေနဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ နယ်မြေမှာရှိတဲ့ တပ်ရင်းတပ်ဖွဲ့များနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ တပ်မတော်ရဲ့ အဓိကလုပ်ငန်းကြီး(၃)ရပ် ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဆိုပြီး ရှိရာမှာ တတိယလုပ်ငန်းကြီးဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်ဟူသော အချက်နဲ့အညီ ဆောင်ရွက်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၁ အရ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် ဘေးအန္တရာယ်ကျရောက်လာပါလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟုလည်း အတိ အလင်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီအတွက်ကြောင့် တပ်မတော်အနေနဲ့ တာဝန်ရှိကြောင်း ခံယူထားပြီးဖြစ် လို့ မိမိသားချင်းဆွေမျိုးများကဲ့သို့စောင့်ရှောက်ကူညီခဲ့တာ တွေ့ရှိရမှာဖြစ်ပါတယ်။

ထို့အပြင် မိမိတပ်ရင်း၊ တပ်ဖွဲ့များနဲ့ နီးစပ်ရာဒေသတွေမှာ သဘာဝအန္တရာယ်ကျရောက်ပါက ပြည်သူလူထုအတွက် ကူညီကယ်ဆယ်မှုကို အမိန့်တောင်းခံစရာမလိုဘဲ ဆောင်ရွက်ရမည်ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရဲ့ ညွှန်ကြားချက်အရ သက်ဆိုင်ရာ တိုင်း၊ တပ်မ၊ တပ်ရင်းများအလိုက် ကယ်ဆယ်ရေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်ရန် အသင့်ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း တင်ပြလိုပါ တယ်။ ၂၀၁၅ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများအတွက် တပ်မတော်မှ ပစ္စည်းတန်ဖိုး ကျပ် (၄၇၂၁)သိန်း ကျော်၊ ငွေတန်ဖိုးကျပ်(၁၅၇၈)သိန်းကျော် စုစုပေါင်း ကျပ်သိန်း(၆၃၀၀)ခန့် ကူညီပေးနိုင်ခဲ့ပါတယ်။ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်မှုအနေနဲ့ မော်တော်ယာဥ်(၄၉၅)စီးနဲ့ ကုန်ချိန် (၁၉၈၀)တန်၊ ရေယာဥ် (၃၅)ခေါက်ဖြင့် ကုန်ချိန်(၁၇၂၂)တန်၊ လေယာဥ်(၈၀၉)ခေါက်ဖြင့် ကုန်ချိန်(၄၉၇)တန် သယ်ယူပို့ဆောင် နိုင်ခဲ့ပါတယ်။ ဒါ့အပြင် အခြားကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့ အနေနဲ့ တာတမံများမြေဖို့ခြင်း၊ လမ်းများ ရှင်းလင်းပြုပြင်ခြင်း၊ စာသင်ကျောင်းများ သန့်ရှင်းရေးပြုလုပ် ခြင်း၊ ဆေးရုံနှင့်ဘုရားစေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများကို သန့်ရှင်းရေးပြုလုပ်ခြင်းနဲ့ အခြား ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ထို့အတူပဲ ၂၀၁၆ ခုနှစ်အတွင်းမှာလည်း သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ပြည်သူ လူထုအား ပစ္စည်းတန်ဖိုးကျပ်(၁၈၉၀)သိန်းကျော်၊ ငွေတန်ဖိုး ကျပ်(၅၀၆) သိန်းကျော် စုစုပေါင်းကျပ် (၂၄၀၄)သိန်းကျော်ကို ကူညီနိုင်ခဲ့ပါတယ်။ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်မှုအနေနဲ့ ရေယာဥ်(၂) ခေါက်နဲ့ ကုန်ချိန်(၈)တန်၊ လေယာဥ်(၈၉)ခေါက်ဖြင့် (၁၂၂၉၀)တန် ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ထို့အတူပဲ ဆောင်ရွက်ပေးမှု အခြေအနေများအနေနဲ့ လမ်းများပြုပြင်ခြင်း၊ စာသင်ကျောင်းများ သန့်ရှင်းရေးပြုလုပ် ခြင်း၊ ဆေးရုံများ၊ ဘုရားစေတီများ၊ ဘုန်းကြီးကျောင်းများ သန့်ရှင်းရေးပြုလုပ်ခြင်းတွေကို ဆောင်ရွက် နိုင်ခဲ့ပြီးတော့ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းအနေနဲ့(၅၁၀၇)ဦးတို့ကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းထားတဲ့ ရေကြီးရေလျှံမှုတွေဟာ ကမ္ဘာပေါ်မှာ အဖြစ် အများဆုံးနဲ့ ပျက်စီးဆုံးရှုံးမှုအများဆုံး သဘာဝဘေးအန္တရာယ်များဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း

(၅၀၀၀)ကျော်ကတည်းက ရေကြီးခြင်းကို ကာကွယ်ဖို့ နည်းလမ်းတွေကို ရှာဖွေအသုံးပြုခဲ့ကြပါတယ်။ နောက်ပိုင်းမှာ တိုးတက်လာတဲ့ အင်ဂျင်နီယာနည်းပညာများနဲ့အတူ ရေကာတာများ၊ တာတမံများ၊ ရေနုတ်မြောင်းများ ပြုလုပ်ပြီးတော့ ကာကွယ်ခဲ့ကြပေမဲ့ ယနေ့အချိန်ထိတော့ ရာနှုန်းပြည့် ကာကွယ်နိုင်ခြင်းမျိုး မလုပ်နိုင်သေးတာကို တွေ့ရှိရပါတယ်။ ရေကြီးရေလျှံမှုများဟာ နှစ်စဉ်ဖြစ်ပေါ်နေတဲ့အတွက် ကြိုတင် ကာကွယ်ရေးစီမံကိန်းများကို စနစ်တကျ အကောင်ထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒေသအလိုက် မိုးရွာသွန်းနိုင်မှုအခြေအနေ၊ မြစ်ချောင်းများ ဖွဲ့စည်းဆက်စပ်နေမှုနဲ့ သစ်တောများ ပြုန်းတီးမှု၊ လူဦးရေများပြားပြီး မြို့ရွာများတည်ဆောက်မှု၊ ဂေဟစနစ်ပျက်သုဉ်းနေမှုများ စတဲ့အကြောင်းအရာတွေဟာ စီမံကိန်းများချမှတ်ရာမှာ မဖြစ်မနေ ထည့်သွင်းစဥ်းစားရမယ့်အချက်အလက်များ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ရာမှာ ငွေကြေးနဲ့ နည်းပညာတို့ဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ မလွဲမသွေ ကြုံတွေ့နေရမှာဖြစ်တဲ့အတွက် ကြိုတင်စီမံချက်ပြုလုပ်ကာ ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေရှားပါးပြတ်လပ်မှုဟာလည်း နိုင်ငံတော်အတွက် နှစ်စဉ်ကြုံတွေ့နေရတဲ့ အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေမှာပဲ ရေရှားပါးခဲ့ရာမှာ ယခုအခါ ရေရှားပါးပြတ်လပ်မှုဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာတာကို တွေ့ရပါတယ်။ ရေတွင်း၊ ရေကန်များခန်းခြောက်ခြင်း၊ စိမ့်စမ်းမြေများ ရေထွက်နည်းပါးလာခြင်းတို့ကိုလည်း တွေ့ရှိရပါတယ်။ ဒါတွေကို နိုင်ငံတော်တစ်ဝန်း တပ်မတော်၊ အစိုးရ၊ စေတနာရှင် ပြည်သူများက ရေဖြန့်ဝေရေးလုပ်ငန်းတွေကို ပြုလုပ်ပေးခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်းတို့ကို ပြုလုပ်ပြီး အတိုင်းအတာတစ်ခုအထိ ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်တွင် ရေရှားပါးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွက် တပ်မတော်မှ ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့မှုတွေနဲ့ (၃၈၀)ကြိမ်မှာ ရေဂါလန်(၇၄၀၁၃၀)ဂါလန်၊ ၂၀၁၅ ခုနှစ်အတွက် (၅၈၂) ကြိမ်မှာ ရေဂါလန် (၁၅၇၆၉၂၁)ဂါလံ၊ ၂၀၁၆ ခုနှစ်တွင် (၈၈၀)ကြိမ်မှာ ရေဂါလန် (၂၂၅၃၇၀၃) ဂါလန်တို့ကို ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ဒါတွေဟာ နှစ်စဉ်ကြုံတွေ့လာနိုင်တဲ့ အခြေအနေတွေ ဖြစ်တဲ့အတွက်ကြောင့် ကြိုတင်မျှော်တွေးပြီး သောက်သုံးရေ ဖူလုံစွာရရှိရေးကို ကာလတို၊ ကာလရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်းကို အကြံပြုတင်ပြလိုပါတယ်။ စက်ရေတွင်းများ တူးဖော်ခြင်းဟာလည်း ရေရှည်မှာ မြေအောက်ရေ လျော့နည်းလာနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုအား အကျိုးပြုခဲ့တဲ့ တိမ်ကောမြစ်ချောင်းများကို တူးဖော်ပေးရန် အဆို ဆိုတဲ့အချက်ကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြစ်ကြောင်းတစ်လျှောက်မှာ ပိတ်ဆို့နေတဲ့သဲသောင်တွေကို တူးဖော်ရှင်းလင်းပေးဖို့ဟာ အရေးကြီးတဲ့လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါတယ်။ ကမ်းခြေဒေသတွေက ရေကြီးခံနေရတဲ့ မြို့နယ်တွေဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၁၀၀)ခန့်မှာရှိတဲ့ မြို့နယ်တွေဖြစ်ပါတယ်။ ပင်လယ်ဒီရေကြီးမြင့်လို့ မဟုတ်ဘဲ မိုးရေက ပင်လယ်ထဲကို မစီးနိုင်တာကြောင့်လည်း ရေကြီးခဲ့တာတွေ ဖြစ်ပါတယ်။ ဒါကြောင့် ရေကြီးမှုမဖြစ်ရအောင် ပင်လယ်ထဲကို ရေအလွယ်တကူစီးဆင်းနိုင်ဖို့ မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ သဲသောင်တွေကို တူးဖော်ပေးဖို့ လိုအပ်ပါတယ်။ မြစ်ချောင်းတွေထဲမှာ ပိတ်ဆို့နေတဲ့ သဲသောင်တွေကို တူးဖော်ခွင့်ပြုဖို့အတွက် ကုမ္ပဏီတစ်ခုက ပြည်နယ်အစိုးရကို တင်ပြလာတာတွေကိုလည်း သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ပါက ဘတ်ဂျက်အနေအထားအရ အခက်အခဲများ ဖြစ်ပေါ်လာနိုင်တဲ့အတွက်ကြောင့် တင်ပြလာတဲ့ ကုမ္ပဏီများရှိပါက စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ပြီးတော့ စီမံဆောင်ရွက်ပေးပါလျှင် တိမ်ကောနေတဲ့ မြစ်ချောင်းများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချောင်းကော၊ မြောင်းကောများတူးဖော်ခြင်း၊ ရေတံခါးများဆောက်လုပ်ခြင်း၊ မြေထိန်းနံရံများ ဆောက်လုပ်ခြင်းတွေကိုလည်း သက်ဆိုင်ရာပညာရှင်များရဲ့ စူးစမ်းလေ့လာသုံးသပ်အကြံပြုချက်များနှင့်အတူ ဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး တင်သွင်းသောအဆိုကို စနစ်တကျ စီမံချက်ချပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၈ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၀း၄၄ နာရီအချိန်တွင် ရပ်နားပါသည်။]